
ဘာသာပြန် စာရေးဆရာ - 8Black Hands
သက်တန့်ရောင်မိန်းမပျို
(ယွီရှောင်ချောင်း)
(Chapter 463 - 476)
စာစဉ် - ၃၄

# အပိုင်း ၄၆၃
# နောက်ဆက်တွဲဖြစ်ရပ်

တခြားဧည့်သည်ရောက်နေတယ်ဆိုတော့ လီမုန့်ရှူက ပြန်ဖို့ ဆုံးဖြတ်လိုက်တယ်။ သူမက ယွီရှောင်ချောင်းကို တော်ဝင်မင်းသားယန်အနား ရှိနေတဲ့အချိန် ဂရုစိုက်ရမယ်နော် ဆိုပြီးလည်း ထပ်ခါထပ်ခါ သတိပေးနေသေးသည်။ ယွီရှောင်ချောင်းက ရယ်ချင်စိတ်ကို ထိန်းချုပ်ပြီး ဂရုစိုက်မယ့်အကြောင်း လွယ်လွယ်ပဲ ကတိပေးလိုက်တယ်။ ပြီးနောက် ပန်းတွေညွတ်ကျနေတဲ့ တံခါးပေါက် အပြင်ဘက်ထိ လီမုန်ရှူကို ကိုယ်တိုင်ကိုယ်ကျ လိုက်ပို့ပေးလိုက်သည်။

ရုတ်တရက်ပဲ ရှောင်ချောင်းရဲ့ ဒုတိယအဆင့် အစေခံရင်းချွမ်က နတ်ဘုရားလို ပြေပြစ်ချောမောတဲ့ တော်ဝင်မင်းသားယန်နဲ့ ရောက်လာခဲ့သည်။ သူမက သူတို့ကိုမြင်တော့ ခါးညွတ်ပြီး နှုတ်ဆက်လိုက်တယ်

"သခင်မလေး, ဒီအစေခံက တော်ဝင်မင်းသားယန်ကို သခင်မလေးနဲ့ တွေ့ရဖို့ ခေါ်လာတာပါ"

ဘာကြီး တော်ဝင်မင်းသားယန်!! အပြင်လူတစ်ယောက် ဝင်လာတာကို ကြားလိုက်တော့ လီမုန့်ရှူက ဂရုတစိုက်ခေါင်းကို သေချာငုံ့ထားလိုက်သည်။ သူမရင်ထဲမှာလည်း စိုးရိမ်စိတ်နဲ့ သိချင်စိတ်က ထပ်တူကျနေသည်။ သူမ မ

နေနိုင်တော့ပဲ အနည်းငယ် ခေါင်းမော့ကြည့်လိုက်တော့ ရင်းချွမ်း နောက်မှာရှိတဲ့ မှောင်ရိပ်ကျနေတဲ့ ပုံရိပ်ကို မြင်လိုက်ရတယ်။ မထင်မှတ်ထားပဲ သူမ ထိုပုံရိပ်ရဲ့ အေးစက်ပြီး စူးရှပြင်းထန်တဲ့ မျက်လုံးတစ်စုံနဲ့ ခေတ္တမျှ အကြည့်ချင်းစုံသွားပြီး အကြောက်လွန်ကာ နှလုံးခုန် ရပ်သွားတော့မလို ဖြစ်သွားသည်။ သူမက ကြောက်နေတဲ့ ယုန်တစ်ကောင်လို ခေါင်းအတင်း ပြန်ငုံ့ပြီး ကိုယ့်ရင်ဘက်ကိုပဲ ကြည့်နေလိုက်သည်။

ကြောက်စရာကောင်းလိုက်တာ! သေချာတာပေါ့ ကောလဟာလတွေက တကယ်မမှားဘူးပဲ။ တော်ဝင်မင်းသားယန်ရဲ့ အကြည့်က ဓားလိုပဲ ထက်ရှလွန်းနေတာ၊ သူမမှာ ကြောက်လွန်းလို့ သေတော့မလိုပဲ။ တစ်ဖက်လူရဲ့ အသွင်အပြင်ကို ရှင်းရှင်းလင်းလင်းမြင်ဖို့ အချိန်မရှိလိုက်ပေမယ့် သံတိုင်ကြီးလို အရပ်ရှည်ရှည်ပုံရိပ်ကပဲ သူမရင်ထဲက ကွက်လပ်တွေကို အလိုလို ဖြည့်ပြီးသား ဖြစ်သွားသည် (စာရေးသူ- မင်းသားက အနက်ရောင်ဝတ်ရုံ ဝတ်ထားလို့ပါနော်)။ ပြီးတော့ အကြည့်စူးစူးကြီးက လူတစ်ယောက်ကို တောင် ချက်ချင်း သတ်ပစ်နိုင်တယ်။ မယုံနိုင်လောက်အောင် ကြောက်ဖို့ကောင်းတာပဲ!! ပြီးရင် ညီမလေးရှောင်ချောင်းက ဒီလူအနိုင်ကျင့်တာကို ခံရတော့မှာလား။

ကျူးကျွင်းယန်က တစ်စုံတစ်ဦး အလွန်စိုးရိမ်ကြောင့်ကြနေတာကို ခံစားမိလိုက်တော့ တစ်ယောက်ယောက်က သူ့ကောင်မလေးကို လျို့ဝှက်ကြံစည်ဖို့ ကြိုးစားနေတာလားဆိုပြီး စိုးရိမ်မိသွားသည်။ သူ အတွင်းစိတ်စွမ်းအားကို သုံးလိုက်တော့ လီမုန်ရှုရဲ့ အတွေးတသီတသန်းကြီးကို ကြားလိုက်ရတော့သည်။ ဒီအတွေးတွေကြောင့် သူ့မှာ ရီရမလား၊ ငိုရမလားတောင် မသိတော့ပေ—— ယုန်လိုသတ္တိနဲ့ ထိုမိန်းကလေးက သူ့ကို ဒီလိုကြောက်စရာပုံစံနဲ့ သရုပ်ဖော်နေပြီး ရှောင်ချောင်းကို ထိခိုက်အောင်လုပ်မှာတောင် စိုးရိမ်နေ

သေးတယ်။ သူမ အရမ်းကို အတွေးလွန်နေတာပဲ! သူကဖြင့် ရှောင်ချောင်းကို ဘယ်လိုကောင်းကောင်း ကာကွယ်ရမလဲ ဆိုတာပဲ အမြဲတွေးနေတာလေ။ သူ့ကောင်မလေးရဲ့ ဆံပင်တစ်မျှင်တောင် ထိခိုက်အောင်မလုပ်ရက်ဘူး။

ထိုအစေခံ သူ့ကို လာခေါ်တုန်းက ရှောင်ချောင်းက ဘယ်သူနဲ့ တွေ့နေတယ်ဆိုပြီး ပြောခဲ့တာပါလိမ့်။ အခမ်းအနားဌာနက အဆင့်မြင့်အရာရှိရဲ့ ကိုယ်လုပ်တော်မွေးတဲ့ သမီး ဆိုတာလား။ သူ့ကောင်မလေးရဲ့ရှေ့မှာ သူ့ရဲ့ ကြီးကျယ်ခမ်းနားတဲ့ ဂုဏ်သတင်းကို ဖျက်ဆီးရဲတယ်ပေါ့။ သင်ခန်းစာပေးလိုက်သင့်လား။ မေ့လိုက်တော့! ရှောင်ချောင်းက ထိုမိန်းကလေးကို ကောင်းကောင်း ဆက်ဆံနေတာမလို့ ဒီတစ်ကြိမ်တော့ လွှတ်ပေးလိုက်မယ်။ ပြီးတော့ ရှောင်ချောင်းက သူမလိုတော့ ကြောက်နေမှာ မဟုတ်ဘူး။ အများဆုံးရှိမှ သူ့ကို စနောက်ပြီး ရယ်နေရုံပဲ။ ဘယ်လိုပဲဖြစ်ဖြစ် အစခံရတာလည်း ပထမဆုံးအကြိမ် မဟုတ်တော့ လျစ်လျူရှုလိုက်ပြီ။ သူ့ကောင်မလေး ပျော်နေဖို့က အရေးကြီးတယ်။

ယွီရှောင်ချောင်းရဲ့မျက်လုံးထဲက အူမြူးနေတဲ့အကြည့်နဲ့ ဆုံတော့ ကျူးကျွင်းယန်က မျက်ခုံးပင့်လိုက်တယ်။ သူ့နှုတ်ခမ်းက အနည်းငယ်ကွေးသွားကာ 'ဒီမင်းသားက မင်းကိုစောင့်နေမယ်' ဆိုတဲ့ အကြည့်နဲ့ ကြည့်ပြီး ထိုခဏတာတွေ့ဆုံမှုမှာ ဘာမှမဖြစ်လိုက်သလို ထွက်သွားသည်။

အသံမထွက်လောက်အောင် ကြောက်နေတဲ့ လီမုန့်ရူက သူမရဲ့ပုဝါကို တင်းတင်းဆုပ်ပြီး ခေါင်းကိုလည်း အတတ်နိုင်ဆုံး ငုံ့ထားလိုက်သည်။ သူမရဲ့ ခြေထောက်တွေကလည်း ကြောက်လန့်မှုကြောင့် တင်းတောင့်နေပြီး တော်ဝင်မင်းသားယန် လုံးဝ ထွက်သွားပြီဆိုမှ ပေါ့ပါးသွားကာ သက်ပြင်းရှည်ကြီး ချလိုက်သည်။ အခုလေးတင် ငရဲတံခါးရဲ့ဘေးမှာ လမ်းလျှောက်

လာသလိုမျိုး ခံစားနေရသည်။

သူမရဲ့ရထားလုံးထဲ မဝင်ခင်အထိ လီမုန့်ရှုမှာ စိုးရိမ်ထိတ်လန့်မှုအချို့ ရှိနေဆဲပင်။ လက်ဆောင်သေတ္တာ ကိုင်ထားတဲ့ ကျင်းအာက သူ့ရင်ဘက်သူ ပွတ်သပ်ကာ သက်ပြင်းချရင်း

"သခင်မလေး ခုနတုန်းက တော်ဝင်မင်းသားယန်က အရမ်းကြောက်ဖို့ကောင်း တာပဲ! သူနဲ့ သုံးလှမ်းအကွာတုန်းကဆို လေအေးတွေကိုတောင် ခံစားမိလိုက်တယ်။ ဒီအစေခံဖြင့် ကြောက်လွန်းလို့ အသက်တောင် အောင့်ထားမိတာပဲ! အိုး ဟုတ်သားပဲ သခင်မလေး! တော်ဝင်မင်းသားယန် ဘယ်လိုပုံစံမျိုးလဲဆိုတာ သခင်မလေး ကြည့်ခဲ့ရလားဟင်"

"ငါ ခေါင်းမော့ကြည့်လိုက်သေးတယ်၊ ဒါပေမယ့် သူ့မျက်လုံးထဲက စူးရှတဲ့အကြည့်နဲ့တင် ချက်ချင်း ပြန်ငုံ့လိုက်မိတာ။ အနက်ရောင်ဝတ်ထားပြီး အရပ်တော်တော်ရှည်တာပဲ ငါသိလိုက်တယ်! ကျင်းအာ, တော်ဝင်မင်းသားယန်က ဒီလောက်တောင် ကြောက်ဖို့ကောင်းနေတာ၊ ညီမလေးရှောင်ချောင်း အနိုင်ကျင့်ခံရမလား မသိဘူး"

ကျင်းအာက ချီတုံချတုံနဲ့ ပြန်ဖြေလိုက်တယ်

"ဒီအစေခံတော့ မထင်ဘူးနော် ဟုတ်တယ်မလား၊ သခင်မဖန်းလည်း ရှိနေတာပဲ။ သူ့သမီးကို အနိုင်ကျင့်ဖို့ ခွင့်ပြုမှာ မဟုတ်ဘူးလေ။ နောက်ပြီး... မိန်းကလေးယွီကို ကြည့်ရတာလည်း တော်ဝင်မင်းသားယန်ကို သိပ်မကြောက်သလိုပဲ။ ဖြစ်နိုင်တာက ကောလဟာကတွေက အရမ်း ချဲ့ကားထားတာပဲ ဖြစ်မယ်! ပြောရရင် တော်ဝင်မင်းသားယန်ကလည်း တစ်ချိန်လုံး အကြောင်းပြချက်မရှိ ဒေါသထွက်မနေနိုင်ပါဘူး! သခင်မလေး အရမ်းကြီးစိုးရိမ်မနေပါနဲ့!"

အိမ်တော်ဆီ ပြန်ရောက်တော့ အတွင်းဝင်ပေါက်မှာ သူတို့ကိုစောင့်နေတဲ့

အစေခံတစ်ယောက်က တရားဝင်ဇနီးနေထိုင်ရာ အလယ်ခြံဝန်းဆီသို့ ချက်ချင်းခေါ်ဆောင်သွားသည်။ လီမုန်ရှုရဲ့ တရားဝင်အမေ အပါအဝင် တရားဝင်အမနဲ့ တရားဝင်မောင်ငယ်လေးတွေကိုလည်း ဧည့်ခန်းမထဲမှာ တွေ့လိုက်ရသည်။ ထိုမြင်ကွင်းက မိသားစုအစည်းအဝေးလုပ်နေတဲ့ပုံနဲ့ အနည်းငယ်တူနေသည်။

ဤအရာကိုမြင်တော့ လီမုန့်ရှုက အနည်းငယ်နွမ်းလျသွားပေမယ့် နူးညံ့စွာနဲ့ပဲ နှုတ်ဆက်စကား ပြောလိုက်တယ်

"လီမုန့်ရှုက အမေ့ကို နှုတ်ခွန်းဆက်သပါတယ်"

သခင်မလီရဲ့မျက်နှာမှာတော့ အပြုံးချိုချိုလေး ရှိနေပြီး ပုံမှန်အားဖြင့် သိပ်မထင်ပေါ်တတ်တဲ့ ကိုယ်လုပ်တော်သမီးကို လက်ငှေ့ယမ်းပြလိုက်သည်။ သူမဘေးကို လီမုန့်ရှုရောက်လာတော့ သူမက ညင်သာစွာနဲ့

"ဒီနေရာမှ အပြင်လူတွေမှ မရှိပဲ။ ဒါ့ကြောင့် ဟန်ကြီးပန်ကြီးနဲ့ နှုတ်ဆက်စရာမလိုပါဘူးကွယ်။ မြန်မြန်ထိုင်ပြီး ခန္ဓာကိုယ်နွေးသွားအောင် လက်ဖက်ရည်ပူပူလေး သောက်လိုက်"

လီမုန့်ရှုက လူကြီးတွေရဲ့ပြောစကားကို မငြင်းဆန်တတ်တာမို့ ကျောလှဲမှီနိုင်တဲ့ ခုတင်ဘေးက ပန်းထိုး ထိုင်ခုံလေးပေါ်မှာ ကြန္နေရှိစွာ ထိုင်လိုက်သည်။ သူမက လက်ဖက်ခွက်ကိုယူပြီး ဖြည်းဖြည်းချင်း သောက်လိုက်တယ်။ ဟမ်း... လက်ဖက်ရည်အရသာက ညီမလေးရှောင်ချောင်းအိမ်မှာ သောက်ခဲ့တဲ့ လက်ဖက်ရည်နဲ့ ယှဉ်ရင် တော်တော်နိမ့်ကျတာပဲ။

တရားဝင်အစ်မ လီမုန့်ချီက သူမ သောက်ပြီးတဲ့အထိ မစောင့်နိုင်တော့ပဲ စိတ်မရှည်စွာရောက်လာပြီး မေးမြန်းတော့သည်

"ညီမလေးရှု, အရာရှိယွီက နင့်ကို ကိစ္စအချို့အတွက် ဖိတ်ခေါ်လိုက်တယ်

ဆို။ သူမက နင့်ကို သစ်သီးအချိုပွဲနဲ့ ဧည့်ခံခဲ့တာလား"

လီမုန့်ရှုက လက်ဖက်ရည်ခွက်ကို ဘေးမှာရပ်နေတဲ့ကျင်းအာဆီ လှမ်းပေးလိုက်ရင်း

"ကျွန်မရဲ့ အလုပြင်ပစ္စည်းလုပ်နိုင်တဲ့ အရည်အချင်းက အရာရှိယွီရဲ့အမြင်ကို ဖမ်းစားနိုင်သွားလို့ ကျွန်မနဲ့ ပူးပေါင်းဆောင်ရွက်ချင်ပြီး စတိုးဆိုင်တစ်ခု အတူဖွင့်ချင်တယ်တဲ့။ ကျွန်မအပြင် အမတ်ချုပ်အိမ်တော်က အစ်မယွမ်ကိုလည်း အလုပ်အတူတူလုပ်ဖို့ ကမ်းလှမ်းထားသေးတယ်"

"အမယွမ်ရဲ့ လက်လုပ် ဘဲဥမျက်နှာချေမှုန့်က မြို့တော်တစ်လျှောက်လုံး အရမ်းနာမည်ကြီးတော့ ထားလိုက်ပါတော့။ ညီမလေးရဲ့ အလှပြင်ပစ္စည်းတွေ ဟိုစပ်ဒီစပ်လုပ်နေတာကပါ အရာရှိယွီကို အာရုံဖမ်းစားနိုင်သွားမယ်လို့ ငါမမျှော်လင့်ထားမိဘူး..."

ယွမ်ရှယ်ယန်က အေးစက်ပြီး လျစ်လျူရှုတတ်တဲ့ စရိုက်ရှိသည်။ ပုံမှန်အားဖြင့် သူမက ဆွေမျိုးသားချင်းတွေလို ရင်းနှီးတဲ့ သူတွေနဲ့ပဲ ပြောဆိုဆက်ဆံလေ့ရှိသည်။ သူမနဲ့ ရင်းနှီးတဲ့သူ ဆိုတာကလည်း မြို့တော်မှာ ဆယ်ယောက်တောင် မပြည့်ဘူး။ သူမတို့ရဲ့ ကိုယ်လုပ်တော်က မွေးတဲ့ ညီမလေးက အမတ်ချုပ်ရဲ့ တရားဝင်သမီးနဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်ခွင့် ရသွားတာကို မြင်တော့ လီမုန့်ချီရဲ့ အသံက မနာလိုမှုကြောင့် ချဉ်စူးလာသည်။

သခင်မလီက အမြင်ကျဉ်တဲ့ သမီးဖြစ်သူကို သတိပေးတဲ့အကြည့် ကြည့်လိုက်ပြီး ပြုံးကာ ပြောလိုက်တယ်

"မုန့်ရှု, သမီး မိန်းကလေးယွီနဲ့ ပေါင်းသင်းလို့ရခဲ့လား။ သူမရဲ့ စိတ်နေစိတ်ထားက ဘယ်လိုမျိုးလဲ။ ကောလဟာလတွေထဲကလို သူမက ကောက်ကျစ်ပြီး ဉာဏ်များတဲ့သူလား။ မင်းက ငါတို့အိမ်တော်က သမီးတစ်

ယောက်ပဲလေ၊ ဒါ့ကြောင့် မင်းက တခြားသူတွေရဲ့ လိုအပ်ချက်ကို ဖြည့်တင်းပေးနေရပြီး မတရားခံရတာမျိုးတော့ မဖြစ်စေရဘူး"

တရားဝင်အမေက သူမကို ကာကွယ်ပေးနေတာမြင်တော့ ရိုးသားပြီးနုံအတဲ့ လီမုန့်ရှုတစ်ယောက် ရင်ထဲ နွေးထွေးသွားလေသည်။ သူမက ရင်ထဲထိသွားတဲ့ အမူအရာနဲ့

"ကျွန်မအတွက် စဉ်းစားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ညီမလေးရှောင်ချောင်းက ကောလဟာလတွေထဲကလို ကောက်ကျစ်ဉာဏ်များတဲ့သူမဟုတ်ပါဘူး။ တကယ်တော့ ဆန့်ကျင်ဘက်ပါပဲ။ သူမက အရမ်းကိုချိုသာတဲ့ စရိုက်ရှိပြီး လူတွေကို လေးလေးစားစား ဆက်ဆံတတ်ပါတယ်။ ကျွန်မက ကိုယ်လုပ်တော်ရဲ့သမီး ဖြစ်နေတာတောင်မှ စကားပြောနေတဲ့အချိန်မှာ အထင်သေးရွံ့ရှာတဲ့ အရိပ်အယောင်တစ်ခုမှ မရှိခဲ့ပါဘူး။ လက်ဖက်ရည်နဲ့ အချိုပွဲ ဧည့်ခံခဲ့ရုံတင် မကဘူး၊ ခရမ်းချဉ်သီးအသေးလေး တစ်ပန်းကန်တောင် ပါသေးတယ်"

အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးရှိခရမ်းချဥ်သီးလေးတွေက ကိုယ်လုပ်တော်သမီးကို ဧည့်ခံဖို့ သုံးလိုက်ရတယ်တဲ့လား။ သခင်မလီရဲ့ အသက်မပြည့်သေးတဲ့ သားတွေက ငြူစူခြင်း၊ မနာလိုခြင်းနဲ့ အနည်းငယ် မုန်းတီးနေတဲ့ အမူအရာတွေကို ပြသနေသည်။ အသက်ခုနစ်အရွယ် လီဟောက်မင်ကတော့ နှုတ်ခမ်းစူပြီး ငြီးတွားလာတယ်

"ကျွန်တော်တော့ ချယ်ရီခရမ်းချဉ်သီးကို နှစ်ခါပဲ စားဖူးတယ်။ တစ်ခါစားမှ အများဆုံး သုံးလုံးပဲ။ အစ်မရှုကတော့ တစ်ပန်းကန်လုံးကို လက်ဝါးကြီးအုပ်ထားတယ်။ တခြားသူတွေကို မနာလိုအောင် လုပ်နေတာပဲ"

"မင်အာ!!"

သခင်မလီက သူမသားငယ်ကို စိုက်ကြည့်ရင်း ဆုံးမလိုက်တယ်

"ယောကျာ်းကောင်းတစ်ယောက်ဆိုတာ ဖြောင့်မတ်ပြီး ရည်မွန်ရမယ်။ အစားမက်နေလို့ မရဘူး။ မင်းအဖေ မကြားအောင် ဂရုစိုက်ထား! မဟုတ်ရင်တော့ မင်းကို စာကူးခိုင်းပြီး အပြစ်ပေးလိမ့်မယ်!"

သူမမောင်လေးကိုအရမ်းချစ်တဲ့ လီမုန့်ချီက ခေါင်းစဉ် မြန်မြန်ပြောင်းလိုက်တယ်

"အရာရှိယွီတို့ပဲ ဧည့်သည်ကို ချယ်ရီခရမ်းချဉ်သီး တစ်ပန်းကန်နဲ့ ဧည့်ခံနိုင်တယ်။ တော်ဝင်မင်းသားယန်နဲ့ အဆက်အသွယ်ရှိတော့ ဖန်လုံအိမ်အဆောက်အဦးကနေ သစ်သီးထောက်ပံ့မှုက အမြဲတမ်း မြင့်မားနေမှာပဲ"

လီမုန့်ရှူက ခပ်ဖွဖွရယ်ပြီး

"အစ်မ မှားနေပြီ! ဖန်းအိမ်တော်မှာ ဧည့်သည်တွေကို ဧည့်ခံဖို့သုံးတဲ့ ခရမ်းချဉ်သီးလေးတွေက ဖန်လုံအိမ်မှာ စိုက်တာတွေ မဟုတ်ဘူး။ အဲ့ဒီအစား အိမ်က ကိုယ်ပိုင်ဖန်လုံအိမ်ထဲပဲ စိုက်ထားတာ။ သူမတို့ မိသားစုရဲ့ဖန်လုံအိမ်က အလွှာတွေအများကြီးပဲ ခွဲထားတာ ရှိတယ်။ အဖိုးတန်ပြီးရှားပါတဲ့ ပန်းပင်တွေကို စဉ်ပေါ်မှာ စီထားလို့ထား၊ လေထဲ ချိတ်ဆွဲလို့ဆွဲနဲ့ အများကြီးပဲရှိတယ်။ မြေပြင် တစ်ခုလုံးမှာလည်း ခရမ်းချဉ်သီးနဲ့ စတော်ဘယ်ရီသီးတွေ စိုက်ထားသေးတယ်"

လျှန်ထောင်ချီ အလွယ်လေးကုန်ကျနိုင်တဲ့ ဖန်လုံအိမ်အား ကိုယ့်အိမ်တော်မှာကို ဆောက်နိုင်ဖို့ကျ မိသားစုတိုင်း မတတ်နိုင်ချေ။ ပွဲစီစဉ်ရေးဌာနအမတ်ရဲ့ အိမ်တော်လိုမျိုးကျတော့ အရမ်းကိုကြီးမားတဲ့ ငွေပမာဏဖြစ်နေသည်။ သခင်မလီကလည်း ပန်းဝါသနာရှင်တွေလောက် ပန်းကို ချစ်မြတ်နိုးတတ်သူ မဟုတ်ပေ။ ဒါ့ကြောင့် ဖန်လုံအိမ် ဆောက်ဖို့နဲ့ ထိုမျှများပြားတဲ့ငွေပမာဏကို သုံးနိုင်မှာမဟုတ်။

လီမုန့်ချီက မနာလိုစွာ မှတ်ချက်ချလိုက်သည်

"ပုံမှန်ဆို အသီးတွေကို ကိုယ့်ဘာသူစိုက်ထားရင် စားလို့ ပိုအဆင်ပြေတယ်! အရာရှိယွီက စိုက်ပျိုးရေးမှာ အရည်အချင်းရှိတော့ သူမအိမ်မှာစိုက်ထားတဲ့ အသီးတွေက ဈေးထဲကဟာတွေထက် ပိုအရသာရှိမှာ အသေချာပဲ!"

"အစ်မရှူ မင်း ချယ်ရီခရမ်းချဉ်သီးကို တစ်ပန်းကန်လုံးကုန်အောင် စားခဲ့တာလား"

ကိုယ်လုပ်တော်ရဲ့သမီးက ချယ်ရီခရမ်းချဉ်သီးတစ်ပန်းကန်လုံး လက်ဝါးကြီး အုပ်ထားခဲ့တယ်ဆိုတဲ့ အချက်ကို လီဟောက်မင်က စွဲလမ်းနေဆဲပင်။

လီမုန့်ရှူက ခေါင်းငုံ့ပြီး ရယ်လိုက်တယ်

"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ အစ်မက ညှော်သည်ဆိုတော့ အနည်းငယ်ထိန်းထိန်းသိမ်းသိမ်း ရှိရဦးမယ်လေ။ ပန်းကန်ထဲက ခရမ်းချဉ်သီး နည်းနည်းပဲ စားခဲ့တာပါ။ ဒါပေမယ့် ဖန်လုံအိမ်ထဲ တုန်းကတော့ ခရမ်းချဉ်သီး အသေးလေးတွေ ကိုယ်တိုင်ခူးပြီး တော်တော်များများ စားလိုက်သေးတယ်"

ထိုအရာကိုကြားတော့ တစ်ချိန်လုံးတိတ်ဆိတ်နေတဲ့ လီဟောက်ယွီက ပါးစပ်ဟလာတယ်

"အရာရှိယွီက အစ်မရှူကို ခရမ်းချဉ်သီးအသေးလေးတွေဆွတ်ဖို့ ဖန်လုံအိမ်ဆီ ဖိတ်သေးတယ်ပေါ့။ ကိုယ်တိုင် ခူးတဲ့အသီးတွေက ပိုအရသာရှိလား။ တော်ဝင်မင်းသားယန်ရဲ့စိုက်ပျိုးရေးခြံမှာ ညှော်သည်တွေကို ကိုယ်တိုင်ခူးခွင့်ပေးတဲ့ စီးပွားရေးတစ်ခု ဖွင့်ထားတယ်လို့ ကျွန်တော် ကြားဖူးတယ်။ ဝင်ကြေးကတင် လျှန်တစ်ရာဆိုပေမယ့် ဖန်လုံအိမ်ထဲရှိနေတဲ့ အတောအတွင်း ကြိုက်သလောက် စားလို့ရတယ်တဲ့။ ဒါပေမယ့် ခူးထားတဲ့

အသီးတွေကို အိမ်ပြန်ယူသွားချင်တယ် ဆိုရင်တော့ ငွေပိုပေးရတယ်။ ဖရဲသီးနဲ့ သခွားမွှေးသီးပမာဏအတွက်က အကန့်အသတ်မရှိပေမယ့် ခရမ်းချဉ်သီးအသေးလေးတွေအတွက်ကျ တစ်ယောက်ကို အများဆုံးမှ ငါးကျင်းပဲတဲ့"

"တစ်ယောက်ကို ခရမ်းချဉ်သီး ငါးကျင်း ဝယ်နိုင်တယ်ပေါ့။ ဒါဆို ငါတို့ချယ်ရီခရမ်းချဉ်သီးလေးတွေ စားချင်လာရင် သစ်သီးဆိုင်မှာဝယ်နိုင်ဖို့ လေထဲ နှင်းထဲ ရပ်စောင့်စရာမလိုတော့ပဲ စိုက်ပျိုးရေးခြံဆီ တိုက်ရိုက်သွားလိုက်လို့ ရတာပေါ့နော်"

သူတို့အမြင်ကျယ်စေဖို့အတွက် တော်ဝင်မင်းသားယန်ရဲ့စိုက်ပျိုးရေးခြံဆီ ခေါ်သွားပေးပါလို့ သူမအဖေကို တောင်းဆိုရမယ်ဆိုပြီး ဆုံးဖြတ်နေရင်း လီမုန့်ချီရဲ့မျက်လုံးတွေက တလက်လက်ဖြစ်နေသည်။

လီဟောက်ယွီက သူမကို ကြည့်လိုက်ပြီး ဆက်ပြောလာတယ်

"ဖန်လုံအိမ်ထဲ ဝင်ချင်ရင် ဝင်ကြေးအဖြစ် လူတစ်ယောက်ကို လျှန်တစ်ရာပေးရတယ်။ နောက်ပြီး စိုက်ပျိုးရေးခြံရဲ့ အသီးဈေးက သစ်သီးဆိုင်တွေရဲ့ဈေးထက် ပိုမြင့်တယ်။ ဒီလိုကုန်ကျစရိတ်မျိုးက မိသားစုတိုင်း တတ်နိုင်တဲ့အရာမဟုတ်ဘူး"

တစ်ခါလည်ချင်ရင် လူတစ်ယောက်ကို လျှန်တစ်ရာကျမယ်!!! အဖေရဲ့အရာရှိလစာနဲ့ အမေရဲ့ခန်းဝင်ပစ္စည်းဆိုင်တွေကနေရတဲ့ ဝင်ငွေနဲ့ဆို သူတို့မိသားစု တစ်ခါသွားလည်လိုက်တာနဲ့ နောက်လအနည်းကျ ငွေကြေးအခက်အခဲရှိသွားနိုင်တယ်။ လီမုန့်ချီက စိတ်ဓာတ်ကျသွားပြီး မြင့်နေတဲ့ ပုခုံးတောင် ကျဆင်းသွားသည်။

သူမရဲ့ တရားဝင်အစ်မနဲ့ တရားဝင်မောင်ငယ်လေးတွေ စိတ်ဓာတ်ကျသွားတာကို လီမုန်ရှူမြင်တော့ သူမက ကျင်းအာကို ပြန်လှည့်ကြည့်ရင်

ပြောလိုက်တယ်

"အမေ, ညီမလေးရှောင်ချောင်းက ကျွန်မက ပေါင်းသင်းလို့ကောင်းတယ်လို့ ပြောတယ်။ သူမက ကျွန်မကို ကောင်းကောင်းဆက်ဆံရုံတင်မကဘူး၊ လက်ဆောင်တွေပါ ထည့်ပေးလိုက်သေးတယ်"

ကျင်းအာက သခင်မလေးအတွက် မိန်းကလေးယွီပေးလိုက်တဲ့ ခရမ်းချဉ်သီးအသေးလေးတွေနဲ့ စတော်ဘယ်ရီသီးတွေကို ထုတ်ဖို့ အနည်းငယ် ဆန္ဒရှိမနေဘူး။ အမြဲလိုလို မိသားစုက ခရမ်းချဉ်သီး ဝယ်နိုင်လောက်အောင် ကံကောင်းတိုင်း သခင်မလီနဲ့ သူ့သမီးအကြီးမက သူမ သခင်မလေးကို ဘယ်တော့မှ သတိမရဘူး။ ဒါတောင် သခင်မလေးက ကိုယ်တိုင်တော့မွဲနေပေမယ့် ရက်ရောနေသေးသည်။

သူ့ရင်ထဲ တွန့်ဆုတ်နေပေမယ့် ကျင်းအာက အတွေးတစ်ခုတောင် ထုတ်မပြရဲဘူး။ သူမက သေးငယ်ပြီး လက်ရာမြောက်တဲ့ ခြင်းလေးနှစ်ခုကို ထုတ်ပေးလိုက်တယ်။ ခြင်းလေးတွေမှာ အဖုံးတွေပါပြီး အထဲမှာ ဘာပါလည်းဆိုတာကို ဧည့်ခန်းမထဲကသူတွေ မမြင်နိုင်အောင် တားဆီးထားသည်။ လီဟောက်မင်က အရမ်း သိချင်နေတာမို့ အရာရှိယွီပေးလိုက်တဲ့လက်ဆောင်ကို မြင်ဖို့ရန် လည်ဆန့်ဆန့်ပြီး ကြည့်နေသည်။

သခင်မလီက ပျော်ရွှင်နေတဲ့ အမူအရာနဲ့ ပြောလိုက်တယ်

"မိန်းကလေးယွီက အရမ်းကို ယဉ်ကျေးတာပဲ!"

လီမုန့်ရှူက ခြင်းလေးနှစ်ခုကို စားပွဲပေါ်တင်လိုက်ပြီး အဖုံးကိုလှပ်ကာ တောက်ပတဲ့ အနီရောင် ခရမ်းချဉ်သီး အသေးလေးတွေနဲ့ ပြည့်ဝတဲ့ စတော်ဘယ်ရီသီးတွေကို ပြလိုက်တယ်။

"ဝိုး! ခရမ်းချဉ်းသီးတွေ ခြင်းအပြည့်ပဲ။ နှစ်ကျင်းလောက်တောင် ရှိလိမ့်

မယ်! အရာရှိယွီက တကယ် ရက်ရောတာပဲ!"

လီဟောက်မင်က ပျော်ရွှင်မှုနဲ့ အော်ပြောလိုက်သည်။

"ဒီရာသီမှာ စတော်ဘယ်ရီသီးတွေ ရနိုင်လို့လား။ အရာရှိယွီက ရာသီချိန်တွေကို ဂရုမစိုက်ပဲ အသီးအရွက်တွေကို ကြိုက်တဲ့အချိန် စိုက်နိုင်တယ် ဆိုပြီး ကောလဟာလတွေရှိတာ မထူးဆန်းတော့ပါဘူး!"

လီဟောက်ယွီလည်း ဤအရာကြောင့် အရမ်းကိုအံ့အားသင့်နေသည်။

သခင်မလီက ဆွဲဆောင်မှုရှိပြီး ချိုမြိန်မယ့်ပုံပေါ်တဲ့ စတော်ဘယ်ရီသီးတွေနဲ့ ခရမ်းချဥ်သီး အသေးလေးတွေကို စိုက်ကြည့်ရင်း စိတ်ထဲမှာ တွက်ချက်မှုတွေ လုပ်နေသည်။ နောင်ကျ ဒီကိုယ်လုပ်တော်သမီးကို ကောင်းကောင်းဆက်ဆံပေးဖို့ လိုပြီ။ သူမကိုအသုံးချပြီး သူတို့တွေ မိန်းကလေးယွီနဲ့ အဆက်အသွယ်ရှိလာအောင် လုပ်ရင်လည်း လုပ်နိုင်မှာပေါ့...

***